# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် (၁၃/၂၀၁၇)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၇) ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၇)တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁) ခု ခွင့်ပြုခဲ့ပြီး လုပ်ငန်း (၃) ခုကို အတည်ပြုခဲ့ပါသည်။ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီများက အတည်ပြုခဲ့သည့် လုပ်ငန်း (၆) ခုရှိပြီး ယခုအစည်းအဝေး ကာလတွင် စုစုပေါင်း လုပ်ငန်း (၁၀) ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁၆၁.၄၆၅) သန်းကို ခွင့်ပြု/အတည်ပြု ပေးခဲ့ပြီး အဆိုပါ လုပ်ငန်းများမှ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၇,၁၉၅)ခုကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ခွင့်ပြု/အတည်ပြု လုပ်ငန်း (၁၀) ခုမှာ စက်မှုကဏ္ဍလုပ်ငန်း (၆) ခု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍ (၁)ခု၊ လယ်ယာကဏ္ဍ(၂)ခုနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍလုပ်ငန်း(၁)ခု ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/အတည်ပြုပေးခဲ့မှုမှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၆၃) ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၃,၈၆၉.၄၆၁)သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၄,၄၇၇.၀၈၇)သန်း ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၂၃၆.၅၇၉)သန်း ခွင့်ပြုခဲ့ခြင်းဖြစ်သဖြင့် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၄,၇၁၃.၆၆၆)သန်း ဖြစ်ပါသည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၅) ခု ခွင့်ပြုခဲ့ပြီး လုပ်ငန်း (၁) ခုကို အတည်ပြုခဲ့ပါသည်။ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီများက အတည်ပြုပေးခဲ့ သည့် လုပ်ငန်း (၈) ခုရှိသဖြင့် စုစုပေါင်း လုပ်ငန်း (၁၄) ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၂၄၁.၄၈၇) သန်း အပါအဝင် ကျပ် (၁,၄၀၂,၈၄၄.၆၃၀) သန်း ခွင့်ပြု/အတည်ပြုပေးခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများမှ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၂,၃၃၆) ခုကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ခွင့်ပြု/အတည်ပြု လုပ်ငန်း (၁၄) ခုမှာ စိုက်ပျိုးရေးကဏ္ဍ (၃) ခု၊ အိမ်ယာအဆောက်အအုံကဏ္ဍ (၁) ခု၊ စက်မှုကဏ္ဍ (၅) ခု၊ လျှပ်စစ်ကဏ္ဍ (၁) ခု၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ (၃) ခု၊ အခြားဝန်ဆောင်မှုကဏ္ဍ (၁) ခုတို့ ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၇၂)ခု၊ အမေရိကန် ဒေါ်လာ (၇၃၆.၀၅၄)သန်း အပါအဝင် ကျပ် (၂,၇၀၁,၃၈၆.၃၆၃) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၈၀၃.၀၁၃) သန်းအပါအဝင် ကျပ်(၂,၈၉၃,၂၀၇.၆၃၀)သန်း ခွင့်ပြုပြီးဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm